| ဒို့တာဝန်အရေးသုံးပါး | ပြည်သူ့သဘောထား | နိုင်ငံရေးဦးတည်ချက် (၄)ရပ် | စီးပွားရေးဦးတည်ချက် (၄)ရပ် | လူမှုရေးဦးတည်ချက် (၄)ရပ် |
|---|---|---|---|---|
| - ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး<br>- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး<br>- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး | - ပြည်ပအားကိုးပုဆိန်ရိုးအဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။<br>- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။<br>- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။<br>- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။ | - နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး<br>- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး<br>- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး | - စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>- ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး<br>- ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး<br>- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံး၏ ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး | - တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး<br>- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး<br>- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

# သတင်းအညွှန်း

နိုင်ငံပိုင်သတင်းစာကြီးများတွင် ဖော်ပြပါရှိသော သတင်းများအနက်မှ နိုင်ငံတော် အစိုးရ၏ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်နေမှုများကို သတိပြုမိစေလိုသော ရည်ရွယ်ချက်ဖြင့် သတင်းအညွှန်းကဏ္ဍကို စီစဉ်တင်ဆက်လိုက်ပါသည်။

နိုင်ငံတော်၏ အသွင်ကူးပြောင်းရေးကာလ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုဖြစ်စဉ်တွင် အရေးပါသည့်အပြောင်းအလဲနှင့်စပ်လျဉ်းသောကြေညာချက်သတင်းကို ယခုတစ်ပတ် သတင်းအညွှန်းအဖြစ် တင်ပြလိုက်ပါသည်။

***နဒီလှိုင် (IR)***

**နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇) ရပ်၏ စတုတ္ထအဆင့်နှင့်အညီ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်းကို ၂၀၀၈ ခုနှစ် မေလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း. .**

**နိုင်ငံတော်တွင် တပ်မတော်မှ တာဝန်ယူအုပ်ချုပ်ခြင်းကို ဒီမိုကရေစီပြည်သူ့အုပ်ချုပ်ရေးစနစ်ဖြင့် ပြောင်းလဲရန်သင့်တော်ပြီဖြစ်၍ဖြစ်ပေါ်လာမည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ခုနှစ်တွင်ကျင်းပပေးမည်ဖြစ်ကြောင်း. .**

**နိုင်ငံတော်ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ် (၇) ရပ်**

၁။ ၁၉၉၆ ခုနှစ်ကစတင်ပြီး ယာယီအားဖြင့်ရပ်ဆိုင်းထားလျက်ရှိသော အမျိုးသားညီလာခံကြီးကိုပြန်လည်ကျင်းပခြင်း
၂။ အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပပြီးစီးသည့်အခါ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ်ထွန်းကားရေးအတွက် လိုအပ်သောဆောင်ရွက်ဖွယ်ရာ လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် လက်ဆင့်ကမ်းဆောင်ရွက်ခြင်း
၃။ အမျိုးသားညီလာခံကြီးကချမှတ်ပေးထားသော အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲခြင်း
၄။ ဖြစ်ပေါ်လာမည့်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍အတည်ပြုခြင်း
၅။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများကျင်းပခြင်း
၆။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်းအဝေးများကျင်းပခြင်း
၇။ လွှတ်တော်မှရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများနှင့် လွှတ်တော်မှဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့်အာဏာပိုင်အဖွဲ့များဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တည်ဆောက်ခြင်း

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့ထုတ် မြန်မာ့အလင်းနှင့်ကြေးမုံသတင်းစာများ တွင် ဖော်ပြပါရှိခဲ့သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြေညာချက်အမှတ် ၁/၂၀၀၈ နှင့် ၂/၂၀၀၈ ပါ ကြေညာချက်များမှ ကောက်နုတ်ဖော်ပြပါသည်။

## ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ မျိုးစောင့်မင်္ဂလာတရားနှင့်အညီ



၂၈-၁၁-၀၇ ရက်နေ့ည ရွှေတိဂုံ စေတီတော်မြတ်ကြီး၏ ပရိဝုဏ်တဝိုက် ပုံမှန်လှည့်ကင်းလုံခြုံရေးဆောင်ရွက်ရာ၌ အသက် ၁၃ နှစ်အရွယ်ရှိ မိန်းကလေးငယ်တစ်ဦးကို မထင်မှတ်ဘဲ တွေ့ရှိခဲ့သည်။ စိစစ် လေ့လာကြည့်ရာတွင် စမ်းချောင်းမြို့နယ်၊ ---လမ်း၊ အိမ်အမှတ် ---၊ ဦး---၊ ဒေါ် --- တို့၏ နေအိမ်တွင် အိမ်ဖော်အဖြစ် ဆက်လက်မနေလိုတော့သဖြင့် သီလရှင် ဝတ်ရန် ရည်ရွယ်ချက်ဖြင့် ထွက်လာခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။ ညဉ့်နက်ပိုင်း အချိန်ဖြစ်သဖြင့် ဘုရားကြီးတာဝန်ကျ ရဲမေများက ဆွေမျိုးရင်းချာသဖွယ် စောင့်ရှောက်ထားခဲ့သည်။

၂၉-၁၁-၀၇ နေ့တွင် ၎င်းမိန်းကလေး နေထိုင်ခဲ့ရာ အိမ်ရှင်၏ တူဆိုသူနှင့် စမ်းချောင်းရဲစခန်းမှ အကြပ်တစ်ဦးရောက်ရှိလာပြီး ကလေးမလေးအား အိမ်ပြန်ခေါ်သွားရန် တောင်းဆိုသည်။

လုံခြုံ/မီးသတ်တာဝန်ခံ ဂေါပကအဖွဲ့ဝင် ဦးမင်းထွန်းက ကာယကံရှင် ကလေးမလေးအား ခေါ်ယူတွေ့ဆုံပေးသည်။ ပြန်လိုက်လို/မလိုက်လို မေးမြန်းသည်။ ထို့အပြင် အိမ်မှထွက်လာစဉ်က အိမ်ရှင်၏ ပစ္စည်းတစ်စုံတစ်ရာမယူခဲ့ကြောင်း နှစ်ဦးနှစ်ဖက်လုံးက ထွက်ဆိုသည်။ ကလေးမလေးက ပြန်မလိုက်လိုကြောင်း ခါးခါးသီးသီး ငြင်းဆိုလျက်ရှိသဖြင့် ပြန်မထည့်လိုက်ဘဲ ကလေးမလေး၏ မိဘများရှိရာ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်ရှိ ကျေးရွာသို့ အကြောင်းကြားဆက်သွယ်ခဲ့သည်။

၁-၁၂-၀၇ ရက်နေ့တွင် မိခင်ဖြစ်သူနှင့် ဦးလေးတော်သူတို့ လိုက်လာသည်။ အသက်မပြည့်သေးသော ကလေးမလေးအား မိခင်ထံပြန်လည် အပ်နှံပေးခဲ့သည်။

ထို့မှုမက ဦးမင်းထွန်းမှ ငွေကျပ် ၅၂၈၀/- မတည်၍ ကျန်(လုံ/မီး)တပ်ဖွဲ့ဝင်များအားလုံးက မေတ္တာရှေ့ထား၍ လူမှုရေးအရ ငွေကျပ် ၃၀၀၀၀/- ကျော် ကူညီပံ့ပိုးပေခဲ့သည်။

ရွှေတိဂုံ စေတီတော်မြတ်ကြီး၏ ပရိဝုဏ်သည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့ အထွဋ်အမြတ်ထားရာ မြင့်မြတ်သော သာသနာ့ နယ်မြေဖြစ်သည့်အလျောက် ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသော လူမှုဒုက္ခမှ ဘေးဘယာဝေးကွာလိုသူတို့ ယခုကဲ့သို့ မကြာခဏခိုနားလေ့ရှိသည်။ အလားတူကိစ္စရပ်များကို ဂေါပကအဖွဲ့က မျိုးစောင့်မင်္ဂလာတရား၊ ဝံသာနုရက္ခိတတရားနှင့်အညီ ထာဝရကူညီစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။ ***(ခင်ရွှေဝင်း)***